# မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်

**e-NEWSLETTER**

VOL.4, N0.4
APRIL 2025


## လူ့အခွင့်အရေးဆိုင်ရာ အသိပညာပေး ရှင်းလင်းဆွေးနွေးပွဲ ကျင်းပပြုလုပ်






မတ်လ ၁၈ ရက်

မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်သည် ကော်မရှင်ဥပဒေပုဒ်မ ၂၂ (က) ပါ ပြဋ္ဌာန်းချက်များနှင့် အညီ အများပြည်သူ၏ လူ့အခွင့်အရေးအသိပညာ မြင့်မားလာစေရေး ရည်ရွယ်လျက် လူ့အခွင့်အရေးဆိုင်ရာ အသိပညာပေး ဆွေးနွေးဟောပြောပွဲများ၊ အလုပ်ရုံဆွေးနွေးပွဲများ၊ သင်ခန်းစာပို့ချမှုများ၊ စာအုပ်စာတမ်းများနှင့် သတင်းအချက် အလက်များ ဖြန့်ချိခြင်းတို့ကို ဆောင်ရွက်လျက်ရှိရာ ၂၀၂၅ ခုနှစ် လုပ်ငန်းဆောင်ရွက်မှုများအတွက် ရှေ့လုပ်ငန်းစဉ် မူဘောင်အရ နှစ်စဉ် လုပ်ငန်းစီမံချက်ကို အကောင်အထည်ဖော်သည့်အနေဖြင့် မြန်မာနိုင်ငံကြက်ခြေနီအသင်းမှ ဝန်ထမ်းများနှင့် ကြက်ခြေနီစေတနာ့ လုပ်အားရှင်များ လူ့အခွင့်အရေးအသိပညာ ဗဟုသုတများ တိုးပွားလာစေရန် ရည်ရွယ်၍ လူ့အခွင့်အရေးဆိုင်ရာ အသိပညာပေးရှင်းလင်း ဆွေးနွေးပွဲတစ်ရပ်ကို ၁၈-၃-၂၀၂၅ ရက်နေ့၊ ၁၃:၀၀ နာရီ အချိန်မှ ၁၆:၀၀ နာရီအချိန်ထိ ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်ရှိ လူထုအခြေပြု ဗဟိုဌာနခန်းမ၌ ကျင်းပပြုလုပ် ခဲ့ပါသည်။

အဆိုပါ ရှင်းလင်းဆွေးနွေးပွဲသို့ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်ဥက္ကဋ္ဌ ဦးပေါ်လွင်စိန်နှင့် ကော်မရှင်အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံကြက်ခြေနီအသင်းဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာမျိုးညွန့်နှင့်အမှုဆောင်အဖွဲ့ဝင်များ၊

စာ ၅



ရဲအရာရှိအတတ်သင်ကျောင်း (မန္တလေး) ၌ သင်ခန်းစာ သွားရောက်ပို့ချ

စာ ၅



ကော်မရှင်မှ အမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေးဌာန (ရန်ကုန်) အား ကြည့်ရှုစစ်ဆေးခြင်း

စာ ၆



လူ့အခွင့်အရေးဆိုင်ရာအသိပညာပေးရှင်းလင်းဆွေးနွေးပွဲ ကျင်းပပြုလုပ်

စာ ၈



တပ်မတော် (ကြည်း) ဗိုလ်သင်တန်းကျောင်း (မှော်ဘီ) ၌ သင်ခန်းစာ သွားရောက်ပို့ချ

စာ ၉



ကော်မရှင်မှ ကျိုက်မရောဗဟိုအကျဉ်းထောင်အား ကြည့်ရှုစစ်ဆေးခြင်း

စာ ၁၀



တပ်မတော် (ကြည်း) တိုက်ခိုက်ရေးကျောင်း (ဗထူး) နှင့် (ဘုရင့်နောင်) တို့အား သင်ခန်းစာ ပို့ချ






ရန်ကုန်တိုင်းဒေသကြီး ကြက်ခြေနီအသင်းဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် ကော်မတီဝင်များ၊ ဝန်ထမ်းများနှင့် ကြက်ခြေနီစေတနာ့လုပ်အားရှင်များ စုစုပေါင်း ၁၅၀ ဦးခန့် တက်ရောက်ခဲ့ကြပါသည်။

အဆိုပါရှင်းလင်းဆွေးနွေးပွဲ၏ ဖွင့်ပွဲအခမ်းအနားတွင် မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်ဥက္ကဋ္ဌက အဖွင့်အမှာစကား ပြောကြား၍ မြန်မာနိုင်ငံကြက်ခြေနီအသင်းဥက္ကဋ္ဌက လူ့အခွင့်အရေးဆိုင်ရာ အသိပညာပေး ရှင်းလင်းဆွေးနွေးပွဲ ကျင်းပပြုလုပ်ခြင်းနှင့် စပ်လျဉ်း၍ ကျေးဇူးတင် စကားပြောကြားခဲ့ပါသည်။ ထို့နောက် မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်ရုံးညွှန်ကြားရေးမှူး ဦးဇော်လွင်ထူးက လူ့အခွင့်အရေးအခြေခံ အယူအဆအကြောင်းနှင့် စပ်လျဉ်း၍ လူ့အခွင့်အရေး၏ ကျယ်ပြန့်နက်ရှိုင်းသည့် အဓိပ္ပာယ်ဖွင့်ဆိုချက်များ၊ ကမ္ဘာ့လူ့အခွင့်အရေးကြေညာ စာတမ်းပါ အခွင့်အရေးများ အကြောင်းတို့ကိုလည်းကောင်း၊ ဒုတိယညွှန်ကြားရေးမှူး ဒေါ်မိမိခိုင်က ကြက်ခြေနီလုပ်ငန်းနှင့် လူ့အခွင့်အရေး ဆက်နွှယ်မှုကိုလည်းကောင်း အသီးသီး ရှင်းလင်း ဆွေးနွေးခဲ့ပါသည်။ ထို့နောက် တက်ရောက်လာသူများမှ မေးခွန်းများ မေးမြန်းဆွေးနွေးခဲ့ကြပြီး ရှင်းလင်းဆွေးနွေးပွဲကို ၁၆:၀၀ နာရီအချိန်တွင် ရုပ်သိမ်းခဲ့ပါသည်။

## မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်သတင်းထုတ်ပြန်ချက် (၃/၂၀၂၅)

### မတ်လ ၈ ရက်

၁။ အမျိုးသမီးအခွင့်အရေးများကို အသိအမှတ်ပြုသည့်အနေဖြင့် ၁၉၇၅ ခုနှစ်တွင် ကုလသမဂ္ဂက အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့အဖြစ် မတ်လ ၈ ရက်နေ့ကို သတ်မှတ်ခဲ့ပြီး ကမ္ဘာတစ်ဝှမ်း၌ နှစ်စဉ် မတ်လ ၈ ရက်နေ့တွင် အပြည်ပြည်ဆိုင်ရာအမျိုးသမီးများနေ့ အထိမ်းအမှတ် အခမ်းအနားများ ကျင်းပခဲ့ရာ ယခုနှစ် ၂၀၂၅ ခုနှစ်တွင် နှစ် ၅၀ တိုင်ခဲ့ပြီ ဖြစ်ပါသည်။ ၂၀၂၅ ခုနှစ် အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့၏ ဆောင်ပုဒ်မှာ “For ALL women and girls: Rights. Equality. Empowerment.” ဖြစ်ပြီး အမျိုးသမီးများနှင့် မိန်းကလေးများ၏ အခွင့်အရေး၊ တန်းတူညီမျှရေးနှင့် ပါဝင်ဦးဆောင်မှုတို့ မြှင့်တင်နိုင်ရေးကို ရည်ညွှန်းဖော်ပြထားခြင်းဖြစ်ပါသည်။

၂။ မြန်မာနိုင်ငံသည် အမျိုးသမီးများအခွင့်အရေးကို လူ့အခွင့်အရေးအဖြစ် အသိအမှတ်ပြုခဲ့သော ဘေဂျင်းကြေညာစာတမ်းနှင့် လုပ်ငန်းစီမံချက် (Beijing Declaration and Platform for Action – BPFA) ကို တရုတ်နိုင်ငံ၊ ဘေဂျင်းမြို့၌ ၁၉၉၅ ခုနှစ်တွင် ကျင်းပပြုလုပ်ခဲ့သည့် စတုတ္ထအကြိမ်မြောက် ကမ္ဘာလုံးဆိုင်ရာအမျိုးသမီးညီလာခံ၌ ကမ္ဘာ့နိုင်ငံ ၁၈၈ နိုင်ငံနှင့်အတူ ပါဝင်အတည်ပြုခဲ့ပါသည်။ ထို့ပြင် ၁၉၉၇ ခုနှစ်တွင် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေး စာချုပ်တစ်ခုဖြစ်သော အမျိုးသမီးများအား နည်းမျိုးစုံဖြင့် ခွဲခြားဆက်ဆံမှုပပျောက်ရေးဆိုင်ရာ သဘောတူစာချုပ် (CEDAW) အဖွဲ့ဝင်နိုင်ငံအဖြစ် ပါဝင်ခဲ့ပြီး အမျိုးသမီးများ၏ အခွင့်အရေးများကို ကာကွယ်ဖြည့်ဆည်း ပေးလျက်ရှိရာတွင် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုပပျောက်ရေး (၁၆) ရက်တာ လှုပ်ရှားမှုများ ဆောင်ရွက်ခြင်း၊ အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ လုပ်ငန်းဆောင်ရွက်မှုအပေါ် စွမ်းဆောင်မှုဆိုင်ရာဆုများ ချီးမြှင့်ခြင်း၊ အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ နိုင်ငံတော်အဆင့် မဟာဗျူဟာစီမံကိန်း (၂၀၂၃-၂၀၃၂) ရေးဆွဲအကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊ ပဋိပက္ခအတွင်း အမျိုးသမီးများအားလိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုတားဆီးကာကွယ်ရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေး အသိပညာပေးခြင်း၊ ဥပဒေဆိုင်ရာ ကာကွယ်မှုပေးခြင်း၊ စီးပွားရေးဆိုင်ရာ ပံ့ပိုးမှုပေးခြင်း၊ ပညာရေး

မြှင့်တင်ပေးခြင်းနှင့် ကျန်းမာရေးစောင့်ရှောက်မှု ပေးခြင်းစသည့် ဆောင်ရွက်ပေးနေမှုများကို လူ့အခွင့်အရေးရှုထောင့်မှ အသိအမှတ်ပြု ကြိုဆိုအပ်ပါသည်။

၃။ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်သည် လူ့အခွင့်အရေးမြှင့်တင်ရေး ကဏ္ဍများ ဖော်ဆောင်ရာတွင် ကိုယ်ဝန်ဆောင်မိခင်များ၊ မသန်စွမ်းသူများ၊ သက်ကြီးရွယ်အိုများ အပါအဝင် အမျိုးသမီးနှင့် မိန်းကလေးများ၏ အခွင့်အရေးများနှင့် လူမှုအသိုက်အဝန်းများက လိုက်နာဆောင်ရွက်သင့်သည်များကို အများပြည်သူသို့ အသိပညာပေးလျက်ရှိပါသည်။ ထို့ပြင် အမျိုးသမီးများ၏ အခွင့်အရေးများ ကာကွယ်စောင့်ရှောက်ရေးနှင့် စပ်လျဉ်း၍ ကော်မရှင်ဥပဒေနှင့်အညီ တိုင်တန်းချက်များ စိစစ်ဆောင်ရွက်ခြင်း၊ အကျဉ်းထောင်၊ အကျဉ်းစခန်း၊ ရဲစခန်းအချုပ်ခန်း၊ တရားရုံးအချုပ်ခန်း၊ ဘိုးဘွားရိပ်သာ၊ အမျိုးသမီးသက်မွေး အတတ်ပညာသင်ကျောင်း၊ အမျိုးသမီးကလေးများ သင်တန်းကျောင်း၊ အမျိုးသမီးဖွံ့ဖြိုး တိုးတက်ရေးဌာနများသို့ သွားရောက်စစ်ဆေးပြီး တွေ့ရှိချက်နှင့် အကြံပြုတိုက်တွန်းချက်များကို သက်ဆိုင်ရာဌာနများသို့ ပေးပို့၍ အခွင့်အရေးများရရှိစေရန် ဆောင်ရွက်ပေးလျက်ရှိပါသည်။

၄။ ၂၀၂၅ ခုနှစ်၊ အပြည်ပြည်ဆိုင်ရာအမျိုးသမီးများနေ့ ဆောင်ပုဒ်၏ ရည်ညွှန်းချက် ပြည့်မြောက်စေရန် အမျိုးသမီးများနှင့် မိန်းကလေးများအပေါ် ခွဲခြားဆက်ဆံခြင်းနှင့် အကြမ်းဖက်ခြင်းများကို ရှောင်ကြဉ်၍ ယင်းတို့၏ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေးနှင့် အလုပ်အကိုင် အခွင့်အလမ်းများကို ဖော်ဆောင်ပေးလျက် ကျား မ တန်းတူညီမျှမှုကို မြှင့်တင်ပေးခြင်းဖြင့် ကောင်းမွန်သည့် အနာဂတ်ကို အတူတကွ တည်ဆောက်နိုင်မည် ဖြစ်ပါကြောင်း မတ်လ ၈ ရက်နေ့တွင်ကျရောက်သည့် အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့ကို ဂုဏ်ပြုလျက်တိုက်တွန်းဖော်ပြအပ်ပါသည်။

**မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်**

## မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ရုံးမိသားစု၊ ဆွမ်းဆန်စိမ်းလောင်းလှူပွဲတွင် ပါဝင်လှူဒါန်းခြင်း



မတ်လ ၂၄ ရက်

မြန်မာနိုင်ငံအမျိုးသား လူ့အခွင့်အရေးကော်မရှင်မှ ကော်မရှင်ဥက္ကဋ္ဌ ဦးပေါ်လွင်စိန်နှင့် ဇနီး ဒေါ်ခင်မီမီဝင်း၊ ခေတ္တညွှန်ကြားရေးမှူးချုပ် ဒေါက်တာခိုင်ခိုင်ဝင်းတို့သည် ၂၄-၃-၂၀၂၅ ရက်နေ့တွင် ကျင်းပသည့် ၂၀၂၄ ခုနှစ်၊ သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆပ်ကပ်ပူဇော်ပွဲမဟာ မင်္ဂလာအခမ်းအနားနှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲ အခမ်းအနားကို နေပြည်တော်ရှိ မာရဝိဇယ ဗုဒ္ဓဥယျာဉ်တော် ပရဝုဏ်အတွင်းတွင် ကျင်းပရာ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်ရုံးမိသားစုမှ လှူဒါန်းသည့် လှူဖွယ်ပစ္စည်းများနှင့် နဝကမ္မအလှူငွေများ လောင်းလှူ ပူဇော်ခဲ့ပါသည်။

## မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်မှ ကော်မရှင်ဥက္ကဋ္ဌ၊ကော်မရှင်အဖွဲ့ဝင်များနှင့် ကော်မရှင်ရုံး ခေတ္တညွှန်ကြားရေးမှူးချုပ်တို့ နှစ် (၈၀) ပြည့် တပ်မတော်နေ့ ဂုဏ်ပြုအခမ်းအနားတက်ရောက်ခြင်း



မတ်လ ၂၇ ရက်

၂၇-၃-၂၀၂၅ရက်နေ့တွင်ကျရောက်သည့်နှစ်(၈၀) ပြည့် တပ်မတော်နေ့အခမ်းအနား ဖိတ်ကြားရေးနှင့်ကြိုဆိုနေရာချထားရေးအဖွဲ့၏ ဖိတ်ကြားချက်အရ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်မှ ကော်မရှင်ဥက္ကဋ္ဌ ဦးပေါ်လွင်စိန်နှင့် ဇနီး၊ ကော်မရှင်အဖွဲ့ဝင်များနှင့် ကော်မရှင်ရုံးညွှန်ကြားရေးမှူးချုပ်တို့သည် နေပြည်တော်

တွင် ကျင်းပသည့် နှစ် (၈၀) ပြည့် တပ်မတော်နေ့စစ်ရေးပြအခမ်းအနား၊ ဂုဏ်ပြုသဘင်အခမ်းအနားနှင့် ဂုဏ်ပြုညစာစားပွဲ အခမ်းအနားသို့ တက်ရောက်ခဲ့ပါသည်။

## ကော်မရှင်အုပ်ချုပ်မှု စီမံခန့်ခွဲရေး ကော်မတီ အစည်းအဝေးကျင်းပခြင်း

မတ်လ ၇ ရက်

ကော်မရှင်၏ အုပ်ချုပ်မှု စီမံခန့်ခွဲရေး ကော်မတီ အစည်းအဝေး အမှတ်စဉ် (၃/၂၀၂၅) ကို ၇-၃-၂၀၂၅ ရက်နေ့ ၁၀:၀၀ နာရီအချိန်တွင် ကျင်းပခဲ့ရာ ကော်မရှင် ဥက္ကဋ္ဌ၊ ကော်မရှင်အုပ်ချုပ်မှု စီမံခန့်ခွဲရေး ကော်မတီက တာဝန်ပေးအပ်သည့် အလှည့်ကျ ကော်မရှင်အဖွဲ့ဝင်များဖြစ်သည့် ကော်မရှင်အဖွဲ့ဝင် ဦးကျော်မြင့်၊ ကော်မရှင်အဖွဲ့ဝင် ဦးဝင်းလှိုင်ဦး၊ ခေတ္တညွှန်ကြားရေးမှူးချုပ်နှင့် အထူးဖိတ်ကြားထားသည့် ကော်မရှင်အဖွဲ့ဝင် ဦးတင်အောင်တို့ တက်ရောက်ခဲ့ကြပါသည်။



## ကော်မရှင်ရုံး(ရန်ကုန်)တွင် ခန့်ထားနိုင်ရေး ဦးစီးအရာရှိနှင့် ဒုတိယလူ့အခွင့် အရေးဦးစီးမှူးများ ရေးဖြေစာမေးပွဲနှင့် လူတွေ့စစ်ဆေးခြင်းများ ပြုလုပ်ခြင်း



မတ်လ ၄ ရက်

မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်ရုံးမှ လစ်လပ်လျက်ရှိသည့် ဦးစီးအရာရှိနှင့် ဒုတိယလူ့ အခ ခွ င့် အ ရေး ဦး စီး မှူး ရာ ထူး နေ ရာ များ အ တွ က် ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်အတွင်း ကော်မရှင်(ရုံးချုပ်) ရန်ကုန်တွင် ခန့်အပ်နိုင်ရေး အရည်အချင်းစစ် ရေးဖြေစစ်ဆေးခြင်းကို ၄-၃-၂၀၂၅ ရက်နေ့ ၁၀:၀၀ နာရီအချိန် Conference Room တွင်လည်းကောင်း၊ ၁၃:၀၀ နာရီအချိန် ကွန်ပျူတာ လက်တွေ့စစ်ဆေးခြင်းကို Media Room တွင်လည်းကောင်း ကျင်းပဆောင်ရွက်ခဲ့ပါသည်။ ရေးဖြေစာမေးပွဲနှင့် ကွန်ပျူတာ လက်တွေ့ဖြေဆိုခြင်း အောင်မြင်သည့် ဦးစီးအရာရှိနှင့် ဒုတိယလူ့အခွင့်အရေး ဦးစီမှူးများကို ၆-၃-၂၀၂၅ ရက်နေ့ ၁၀:၀၀ နာရီအချိန် Conference Room တွင် လူတွေ့စစ်ဆေးခြင်းများကို ဆက်လက်ဆောင်ရွက်ခဲ့ပြီး လူတွေ့ဖြေဆို အောင်မြင်သည့် ဦးစီးအရာရှိနှင့် ဒုတိယလူ့အခွင့်အရေးဦးစီးမှူးများကို ကော်မရှင်ရုံးလုပ်ထုံးလုပ်နည်းများနှင့်အညီ အုပ်ချုပ်မှုစီမံခန့်ခွဲရေးကော်မတီသို့ တင်ပြဆောင်ရွက်၍ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်ရုံးတွင် ခန့်အပ်သွားမည်ဖြစ်ပါသည်။



## ကော်မရှင်ရုံး(ရန်ကုန်) တွင် ခန့်ထားနိုင်ရေး အငယ်တန်းစာရေးများ လူတွေ့စစ်ဆေးခြင်းများပြုလုပ်ခြင်း

မတ်လ ၅ ရက်

မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်ရုံးမှ လစ်လပ်လျက်ရှိသည့် အငယ်တန်းစာရေး ရာထူးနေရာများအတွက် ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်အတွင်း ကော်မရှင်(ရုံးချုပ်) ရန်ကုန်တွင် ခန့်အပ်နိုင်ရေး လူတွေ့စစ်ဆေးခြင်းကို ၅-၃-၂၀၂၅ ရက်နေ့ ၁၀:၀၀ နာရီအချိန် Conference Room တွင်လည်းကောင်း၊ ကွန်ပျူတာလက်တွေ့စစ်ဆေးခြင်းကို ၁၃:၀၀ နာရီအချိန်

Media Room တွင်လည်းကောင်းပြုလုပ်ဆောင်ရွက်ခဲ့ပါသည်။ လူတွေ့ဖြေဆို အောင်မြင်သည့် အငယ်တန်းစာရေးများအား ကော်မရှင်ရုံးလုပ်ထုံးလုပ်နည်းများနှင့်အညီ အုပ်ချုပ်မှုစီမံခန့်ခွဲရေး ကော်မတီသို့ တင်ပြဆောင်ရွက်၍ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေးကော်မရှင်ရုံးတွင် ခန့်အပ်သွားမည်ဖြစ်ပါသည်။



## ရဲအရာရှိအတတ်သင်ကျောင်း (မန္တလေး) ၌ သင်ခန်းစာ သွားရောက်ပို့ချ



မတ်လ ၆ ရက်

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်သည် ကော်မရှင်ဥပဒေပုဒ်မ ၂၂ (က) ပါ ပြဋ္ဌာန်းချက်များနှင့်အညီ အများပြည်သူ၏ လူ့အခွင့်အရေးအသိပညာမြင့်မားလာစေရေးအတွက် သတင်းအချက်အလက်များဖြန့်ချိခြင်း၊ ပညာပေးခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါသည်။

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ရုံးမှ ညွှန်ကြားရေးမှူး ဦးသူရကျော်သည် မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ရဲအရာရှိအတတ်သင်ကျောင်း (မန္တလေး) ၌ ဖွင့်လှစ်လျက်ရှိသော ခရိုင်ရဲတပ်ဖွဲ့မှူး သင်တန်းအမှတ်စဉ် (၉/၂၀၂၄) နှင့် မြို့နယ်ရဲတပ်ဖွဲ့မှူး သင်တန်းအမှတ်စဉ် (၆၅/ ၂၀၂၄) တို့အား ၆-၃-၂၀၂၅ ရက်နေ့တွင် ၀၇:၃၀ နာရီမှ ၀၉:၅၀ နာရီအချိန်အထိ လူ့အခွင့်အရေးဆိုင်ရာ သင်ခန်းစာများ သွားရောက်ပို့ချခဲ့ပါသည်။ အဆိုပါသင်တန်းများတွင် လူ့အခွင့်အရေးအခြေခံ အယူအဆများ၊ ကမ္ဘာ့လူ့အခွင့်အရေး ကြေညာစာတမ်းအကြောင်းနှင့် မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းဆောင်ရွက်ချက်များ စသည့် သင်ခန်းစာများကို ပို့ချခဲ့ပါသည်။ ခရိုင်ရဲတပ်ဖွဲ့မှူး သင်တန်းအမှတ်စဉ် (၉/၂၀၂၄) ၌ သင်တန်းသားဦးရေ ၄၈ ဦးနှင့် မြို့နယ်ရဲတပ်ဖွဲ့မှူး သင်တန်းအမှတ်စဉ် (၆၅/၂၀၂၄) ၌ သင်တန်းသားဦးရေ ၄၅ ဦး စုစုပေါင်း သင်တန်းသားဦးရေ ၉၃ ဦး တက်ရောက်ခဲ့ကြပြီးသိရှိလိုသည့်မေးခွန်းများကိုမေးမြန်းကြရာ ပို့ချသူ အရာရှိက ပြန်လည်ဖြေကြားခဲ့ပါသည်။

## မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်မှ အမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေးဌာန (ရန်ကုန်) အား ကြည့်ရှုစစ်ဆေးခြင်း



မတ်လ ၇ ရက်

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်မှ ကော်မရှင်အဖွဲ့ဝင် ဦးကျော်စိုး၊ ဒေါက်တာသန်းမြင့်နှင့် ဒေါက်တာမြင့်သူမြိုင်တို့ ဦးဆောင်သော ကြည့်ရှုစစ်ဆေးရေးအဖွဲ့သည် ၇-၃-၂၀၂၅ ရက်နေ့တွင် ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ်၊ သံလွင်လမ်းရှိ အမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေးဌာန (ရန်ကုန်) သို့ သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ပါသည်။

ကြည့်ရှုစစ်ဆေးရေးအဖွဲ့သည် အမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေးဌာနအတွင်း လက်ခံစောင့်ရှောက်သင်ကြားပေးလျက်ရှိသော သင်တန်းသူများအား ကျန်းမာရေးစောင့်ရှောက်မှုအခြေအနေ၊ အစားအစာကျွေးမွေးမှုအခြေအနေ၊ အိပ်ဆောင်များထားရှိမှု အခြေအနေ၊

နိုင်ငံသားစိစစ်ရေးကတ် ပြားရရှိမှုအခြေအနေ၊ သန့်ရှင်း သောသောက်သုံးရေ ရရှိအောင် ဆောင်ရွက်ပေးနေမှု အခြေအနေများနှင့် မိသားစုနှင့်ဆက်သွယ်ခွင့်၊ မိသားစု နှင့် ပြန်လည်ပေါင်းစည်းခွင့်၊ အသက်မွေးဝမ်းကျောင်း ပညာ သင်ကြားခွင့်၊ ပြင်ပအလုပ် လုပ်ကိုင်ခွင့်၊ လွတ်လပ် စွာယုံကြည်ကိုးကွယ်ခွင့်စသည့် အခြေခံ လူ့အခွင့်အရေး များရရှိအောင် ဆောင်ရွက်ပေးနေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့ပါသည်။

ကော်မရှင် ကြည့်ရှုစစ်ဆေးရေးအဖွဲ့၏ ခရီးစဉ် အတွင်း စစ်ဆေးတွေ့ရှိချက်နှင့် အကြံပြုချက်များကို လိုအပ်သလို ဆောင်ရွက်ပေးနိုင်ရေးအတွက် သက်ဆိုင်ရာ သို့ ပေးပို့သွားမည် ဖြစ်ပါသည်။

## လူ့အခွင့်အရေးဆိုင်ရာ အသိပညာပေး ရှင်းလင်းဆွေးနွေးပွဲ ကျင်းပပြုလုပ်



မတ်လ ၁၁ ရက်

မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင် သည် ကော်မရှင်ဥပဒေပုဒ်မ ၂၂ (က) ပါ ပြဋ္ဌာန်းချက်များ နှင့်အညီ အများပြည်သူ၏ လူ့အခွင့်အရေး အသိပညာ မြင့်မားလာစေရေး ရည်ရွယ်လျက် လူ့အခွင့်အရေးဆိုင်ရာ အသိပညာပေး ဆွေးနွေးဟောပြောပွဲများ၊ အလုပ်ရုံ ဆွေးနွေးပွဲများ၊ သင်ခန်းစာပို့ချမှုများ၊ စာအုပ်စာတမ်းများ နှင့် သတင်းအချက်အလက်များ ဖြန့်ချိခြင်းတို့ကို ဆောင် ရွက်လျက်ရှိပါသည်။

မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင် သည်မူးယစ်ဆေးစွဲသူများပြန်လည်ထူထောင်ရေးအသင်း (မြန်မာ) ဗဟိုမှ သင်တန်းသားများအား လူ့အခွင့်အရေး အသိပညာဗဟုသုတများ တိုးပွားလာစေရန် ရည်ရွယ်၍ လူ့အခွင့်အရေးဆိုင်ရာ အသိပညာပေးရှင်းလင်း ဆွေးနွေး ပွဲ တစ်ရပ်ကို ၁၁-၃-၂၀၂၅ ရက်နေ့၊ ၀၉:၃၀ နာရီအချိန်တွင် ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်ရှိ မူးယစ်ဆေး စွဲသူများ ပြန်လည်ထူထောင်ရေးအသင်း (မြန်မာ) ဗဟို အသင်းရုံး၌ ကျင်းပပြုလုပ်ခဲ့ရာ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်မှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်မိမိခိုင်က လူ့အခွင့်အရေး အခြေခံအယူအဆ အကြောင်း၊ လူသားတစ်ဦးချင်း၏ အခွင့်အရေးနှင့် တာဝန် များအကြောင်း၊ မူးယစ်ဆေးဝါးသုံးစွဲသူများ ပြန်လည် ထူထောင်ရေးနှင့် လူ့အခွင့်အရေးဆိုင်ရာ စံနှုန်းများ အကြောင်းနှင့် ကမ္ဘာ့လူ့အခွင့်အရေး ကြေညာစာတမ်း အကြောင်းတို့ကိုလည်းကောင်း၊ လက်ထောက်ညွှန်ကြား ရေးမှူးဦးကောင်းခန့်ဇင်က မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင် ဖွဲ့စည်းခြင်းနှင့် လုပ်ငန်း ဆောင်ရွက်ချက်များအကြောင်းကိုလည်းကောင်း အသီး သီး ရှင်းလင်းဆွေးနွေးခဲ့ပါသည်။ အဆိုပါ ရှင်းလင်း ဆွေးနွေးပွဲတွင် မူးယစ်ဆေးစွဲသူများပြန်လည်ထူထောင် ရေးအသင်း (မြန်မာ) ဗဟိုမှ သင်တန်းသားများ စုစုပေါင်း ၁၅၀ ဦးခန့် တက်ရောက်ခဲ့ကြပြီး တက်ရောက်လာသူ များမှ မေးခွန်းများမေးမြန်းဆွေးနွေးခဲ့ကြပြီး ရှင်းလင်း ဆွေးနွေးပွဲကို ၁၁:၃၀ နာရီ အချိန်တွင် ရုပ်သိမ်းခဲ့ပါသည်။



## မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်၏ ခေါင်းဆောင်မှုမြှင့်တင်ရေးနှင့် အဖွဲ့အစည်း ဖွံ့ဖြိုး တိုးတက်ရေးသင်တန်းဖွင့်လှစ်ခြင်း

မတ်လ ၁၇ ရက်

မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေးကော်မရှင် ဝန်ထမ်းများစွမ်းဆောင်ရည် မြှင့်တင်ရေး အစီအစဉ်ဖြင့် “ခေါင်းဆောင်မှုမြှင့်တင်ရေးနှင့် အဖွဲ့အစည်းဖွံ့ဖြိုးတိုး တက်ရေးသင်တန်း၊ Leadership Enhancement and Organization Development Training ကို ၁၇-၃-၂၀၂၅



ရက်နေ့၊ ၁၀:၀၀ နာရီအချိန်တွင် မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်ရုံး၊ Conference Room ၌ ကျင်းပပြုလုပ်ခဲ့ပါသည်။

အသိပညာပေးဟောပြောပွဲတွင် ကော်မရှင်ဥက္ကဋ္ဌ ဦးပေါ်လွင်စိန်က အဖွင့်အမှာစကား ပြောကြားရာတွင် ဤသင်တန်းကို မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်၏ လုပ်ငန်းဆောင်ရွက်မှုများအတွက် ရှေ့လုပ်ငန်းစဉ်မူဘောင်နှင့် ၂၀၂၅ ခုနှစ်အတွက် လုပ်ငန်းစီမံချက်ပါ ရည်မှန်းချက်ပန်းတိုင် တစ်ရပ်ဖြစ်သော ကော်မရှင်၏ ဝန်ထမ်းများ အရည်အချင်း ပြည့်ဝပြီး စွမ်းဆောင်ရည်မြင့်မားသော ဝန်ထမ်းများ ဖြစ်လာစေရန် ရည်ရွယ်လျက် ဖွင့်လှစ်ခြင်းဖြစ်ကြောင်း၊ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်၏ လုပ်ငန်း အောင်မြင်စေရန် ခေါင်းဆောင်မှု ကဏ္ဍသည် အရေးကြီး ကြောင်း အဖွဲ့အစည်း၏လုပ်ငန်း များအောင်မြင်စေရန် ဦးဆောင်တာဝန်ယူရသူ တစ်ဦးတည်းဖြင့်လည်း ဆောင်ရွက်၍ မရကြောင်း၊ ပူးပေါင်းဆောင်ရွက်ခြင်း၊ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ခြင်းများသည် အရေးကြီးကြောင်း၊ ခေါင်းဆောင်မှုနှင့် လေ့လာမှုတို့သည် အမြဲဒွန်တွဲလျက် ရှိကြောင်း၊ ခေါင်းဆောင်ရာတွင် အသိဉာဏ်ပညာနှင့် မိမိကိုယ်တိုင် စည်းကမ်းလိုက်နာထိန်းသိမ်းရသကဲ့သို့ သူတစ်ပါးအပေါ်တွင်လည်း စာနာ ထောက်ထားတတ်ရန် ဆုံးမစကားများရှိကြောင်း၊ ဤသင်တန်းမှ သင်ကြားမှုများသည် ဝန်ထမ်းများ၏ ခေါင်းဆောင်မှု အရည်အသွေးများ မြှင့်တင်ရုံသာမက ပူးပေါင်းဆောင်ရွက်မှု စွမ်းရည်များကိုပါ တိုးတက်စေမည်ဟု ယုံကြည်ကြောင်း ပြောကြားပါသည်။

သင်တန်း အစီအစဉ်အရ ကော်မရှင်အဖွဲ့ဝင် ဒေါက်တာသန်းမြင့်က မဟာဗျူဟာမြောက် ခေါင်းဆောင်မှုနှင့်ပဋိပက္ခစီမံခန့်ခွဲမှုအကြောင်းကိုလည်းကောင်း၊ ကော်မရှင်အဖွဲ့ဝင် ဦးတင်အောင်က ခေါင်းဆောင်မှု လက်တွေ့ အခန်းကဏ္ဍကိုလည်းကောင်း၊ ကော်မရှင်အဖွဲ့ဝင် ဦးဝင်းလှိုင်ဦးမှ အဖွဲ့တည်ဆောက်ခြင်းအကြောင်းကိုလည်းကောင်း သင်ကြားပို့ချခဲ့ပါသည်။ ထို့နောက် တက်ရောက်လာကြသည့် ကော်မရှင်အဖွဲ့ဝင်များနှင့် ဝန်ထမ်းများက သိရှိလိုသည်များကို မေးမြန်းခဲ့ကြပါသည်။

သင်တန်းသို့ ကော်မရှင်ဥက္ကဋ္ဌ၊ ကော်မရှင်အဖွဲ့ဝင်များ၊ ကော်မရှင်ရုံးချုပ်နှင့် ရုံးခွဲများမှ အရာထမ်း/အမှုထမ်းများ တက်ရောက်ခဲ့ကြပြီး သင်တန်းအား ၁၅:၁၀ နာရီ အချိန်တွင် ရုပ်သိမ်းခဲ့ပါသည်။



## မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ရုံး လုပ်ငန်းခွင်ဝင်သင်တန်း (၁/၂၀၂၅) ဖွင့်လှစ်ခြင်း



မတ်လ ၁၈ ရက်

မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင် ရုံးတွင် ခန့်အပ်ပြီးဖြစ်သည့် ဦးစီးအရာရှိ၊ ဒုတိယလူ့အခွင့်အရေးဦးစီးမှူးနှင့် အငယ်တန်းစာရေးများအတွက် လုပ်ငန်းခွင်ဝင်သင်တန်း၊ (၁/၂၀၂၅) သင်တန်းဖွင့်လှစ်ခြင်း အခမ်းအနားကို ၁၈-၃-၂၀၂၅ ရက်နေ့၊ ၁၀ နာရီအချိန် ကော်မရှင်ရုံး Conference Room ၌ ကျင်းပပြုလုပ်ခဲ့ပါသည်။ အခမ်းအနားသို့ ကော်မရှင်ဥက္ကဋ္ဌ၊ ကော်မရှင် အဖွဲ့ဝင်များ၊ ခေတ္တညွှန်ကြားရေးမှူးချုပ်၊ ညွှန်ကြားရေးမှူးများ၊ ကော်မရှင်ရုံး အရာထမ်းများနှင့် သင်တန်းသား အရာထမ်း/ အမှုထမ်းများ တက်ရောက်ကြပါသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်၊ ကော်မရှင်ဥက္ကဋ္ဌ ဦးပေါ်လွင်စိန်က အဖွင့်အမှာစကားပြောကြားရာတွင် ကော်မရှင်ရုံးတွင် လစ်လပ်လျက်ရှိသည့် ဦးစီးအရာရှိ၊ ဒုတိယလူ့အခွင့်အရေးဦးစီးမှူး၊ အငယ်တန်းစာရေးရာထူးများတွင် ဖြည့်စွက်ခန့်အပ်ပြီး ဝန်ထမ်းများအနေဖြင့် အလုပ်ခွင်ဝင်ရာတွင် တာဝန်များကိုချောမွေ့စွာထမ်းဆောင်နိုင်စေရန် အတွက် ဤလုပ်ငန်းခွင်ဝင် သင်တန်းကို ဖွင့်လှစ်သင်ကြားပေးခြင်းဖြစ်ကြောင်း၊ ယခုသင်တန်းသည် ၂၀၂၅ ခုနှစ်၊ လုပ်ငန်းစီမံချက်ပန်းတိုင်(၇)တွင်ပါရှိသည့်ဝန်ထမ်းများ၏စွမ်းဆောင်ရည် မြှင့်တင်ရေး၊ စွမ်းဆောင်ရည် ပြည့်ဝအောင်ဆောင်ရွက်ရေးဆိုသည့် ရည်မှန်းချက်ကို အကောင်အထည်ဖော်သည့် လုပ်ငန်းတစ်ခု ဖြစ်ပါကြောင်း၊ စီးပွားရေးလုပ်ငန်းဖြစ်စေ၊ ကုမ္ပဏီလုပ်ငန်းဖြစ်စေ၊ ရုံးဌာနဆိုင်ရာလုပ်ငန်းဖြစ်စေ အလုပ်လုပ်သည့်နေရာတွင် လုပ်ငန်းစဉ်များနည်းလမ်းမှန်ပြီး စနစ်တကျနှင့် အောင်မြင်အောင်ဆောင်ရွက်နိုင်ရေးတွင် အရေးကြီးပါကြောင်း၊ ရုံးဌာနဆိုင်ရာများတွင် ရုံးလုပ်ငန်းဆောင်ရွက်ရာ၌မှန်ကန်စေဖို့၊ စနစ်တကျနှင့် မြန်မြန်ဆန်ဆန်ရှိစေရန် ရည်ရွယ်ပြီး ယခုလုပ်ငန်းခွင်ဝင်သင်တန်းမှာ ဆွေးနွေးပို့ချပေးကြမှာဖြစ်ကြောင်း၊ ရုံးလုပ်ငန်းဆောင်ရွက်ရာတွင် လုံခြုံမှုအဆင့် အတန်းအလိုက် သတ်မှတ်ထားခြင်းများရှိပြီး ဦးစားပေးအဆင့်အတန်းအလိုက် လုပ်ဆောင်ရသည်များကအစ အရေးယူဆောင်ရွက်ရသည့်စနစ်များ၊ စည်းကမ်းများရှိကြောင်း၊ ရုံးလုပ်ငန်းဟု သာမန်ပြောသည်မှာ လွယ်သော်လည်း တကယ် မှန်မှန်ကန်ကန် သိရှိနားလည်ထားရန်လိုကြောင်း၊ နားလည်မှုကိုလည်း လက်တွေ့လေ့ကျင့်မှသာ ကျွမ်းကျင်ကြောင်း၊ ကျွမ်းကျင်မှသာ လုပ်ငန်းများကို ထိထိရောက်ရောက် အောင်အောင်မြင်မြင် ဆောင်ရွက်နိုင်မှာဖြစ်ကြောင်း၊ ယနေ့ လုပ်ငန်းခွင်ဝင်သင်တန်းက ဝန်ထမ်းများ၏အရည်အသွေးကို မြှင့်တက်စေမှာဖြစ်ကြောင်း၊ သင်ကြားပို့ချမည့် နည်းပြအရာရှိများအနေဖြင့်လည်း စေတနာထားပြီး အမှန်တကယ် နားလည်တတ်ကျွမ်းအောင် သင်ကြားပို့ချစေလိုကြောင်းနှင့် သင်တန်းသားများ အနေဖြင့်လည်း လေးလေးစားစား မှတ်သားနာယူစေလိုကြောင်းပြောကြားပါသည်။

လုပ်ငန်းခွင်ဝင်သင်တန်းသို့ သင်တန်းသား ၁၆ ဦး တက်ရောက်ပြီး သင်တန်းကာလမှာ ၁၈-၃-၂၀၂၅ ရက်နေ့မှ ၂၂-၃-၂၀၂၅ ရက်နေ့အထိ (၅) ရက်ကြာ ဖွင့်လှစ်သွားမည်ဖြစ်ပါသည်။



## တပ်မတော် (ကြည်း) ဗိုလ်သင်တန်းကျောင်း (မှော်ဘီ) ၌ သင်ခန်းစာသွားရောက်ပို့ချ



မတ်လ ၁၈ ရက်

မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်သည် ကော်မရှင်ဥပဒေပုဒ်မ ၂၂ (က) ပါ ပြဋ္ဌာန်းချက်များနှင့်အညီ အများပြည်သူ၏ လူ့အခွင့်အရေးအသိပညာမြင့်မားလာစေရေးအတွက် သတင်းအချက်အလက်များဖြန့်ချိခြင်း၊ ပညာပေးခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါသည်။

မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်ရုံးမှ ခေတ္တညွှန်ကြားရေးမှူးချုပ် ဒေါက်တာခိုင်ခိုင်ဝင်းသည် တပ်မတော် (ကြည်း) ဗိုလ်သင်တန်းကျောင်း (မှော်ဘီ) တွင် ဖွင့်လှစ်လျက်ရှိသော ခြေလျင်တပ်ခွဲမှူး (အမျိုးသမီး) သင်တန်းအမှတ်စဉ် (၁) သို့ ၁၈-၃-၂၀၂၅ ရက်နေ့ ၁၂:၀၀ နာရီမှ ၁၅:၀၀ နာရီအချိန်အထိ လူ့အခွင့်အရေးဆိုင်ရာဘာသာရပ် သင်ခန်းစာများသွားရောက် ပို့ချခဲ့ပါသည်။ အဆိုပါသင်တန်းတွင် လူ့အခွင့်အရေးအခြေခံအယူအဆများအကြောင်း၊ ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်းအကြောင်းနှင့် မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းဆောင်ရွက်ချက်များအကြောင်း စသည့် ဘာသာရပ်သင်ခန်းစာများ ပို့ချခဲ့ပါသည်။ ခြေလျင်တပ်ခွဲမှူး (အမျိုးသမီး) သင်တန်းအမှတ်စဉ် (၁) မှ သင်တန်းသူဦးရေ စုစုပေါင်း ၄၈ ဦး တက်ရောက်ခဲ့ကြပါသည်။

# မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်မှ ကျိုက်မရောဇဟိုအကျဉ်းထောင်အား ကြည့်ရှုစစ်ဆေးခြင်း





မတ်လ ၁၉ ရက်

မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်မှ ကော်မရှင်အဖွဲ့ဝင် ဦးတင်အောင် ဦးဆောင်သော ကြည့်ရှုစစ်ဆေးရေးအဖွဲ့သည် ကော်မရှင်ဥပဒေပုဒ်မ ၄၃၊ ၄၄ ပြဋ္ဌာန်းချက်များနှင့်အညီ ၂၀၂၅ ခုနှစ်၊ မတ်လ ၁၈ ရက်နေ့နှင့် ၁၉ ရက်နေ့များတွင် မွန်ပြည်နယ်၊ ကျိုက်မရောမြို့နယ်ရှိ ကျိုက်မရောဇဟို အကျဉ်းထောင်အား သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ပါသည်။

ကျိုက်မရောဇဟို အကျဉ်းထောင်ကို ကြည့်ရှုစစ်ဆေးစဉ် အကျဉ်းသား/ အကျဉ်းသူများ၏ အိပ်ဆောင်များ၊ အကျဉ်းထောင်ဆေးရုံ၊ စာကြည့်တိုက်၊ ထောင်ဝင်စာတွေ့ဆုံသည့်နေရာ၊ အခြေခံ အရေး၊ အဖတ်သင်တန်းပို့ချသည့်နေရာ၊ စားဖိုကြီး၊ ရိက္ခာဂိုထောင်၊ ရေသန့်စက်များ၊ သုံးရေအတွက် မြစ်ရေမှ ရေစုကန်၊ ၎င်းမှတစ်ဆင့် ရေစစ်ကန်သို့ ရေဖြန့်ဝေပေးသည့်နေရာ၊ သုံးရေ/ ချိုးရေကန်များနှင့် အတွင်း/အပြင် မိလ္လာများစသည်တို့ကို ကြည့်ရှုစစ်ဆေးခဲ့ပါသည်။

ကျိုက်မရောဇဟို အကျဉ်းထောင်အား ကြည့်ရှုစစ်ဆေးစဉ် အကျဉ်းသား/ အကျဉ်းသူများကို အိပ်ဆောင်များတွင်တွေ့ဆုံပြီး သီးခြားလွတ်လပ်စွာ တွေ့ဆုံခွင့်တောင်းခံသူ အကျဉ်းသား/သူ၊ အချုပ်သား/သူ စုစုပေါင်း (၃၁) ဦးကို တွေ့ဆုံကာ ယင်းတို့၏ တင်ပြချက်များကို မေးမြန်း မှတ်တမ်းတင်ခဲ့ပါသည်။ ယင်းအပြင် ထောင်ဝင်စာ လာရောက်တွေ့ဆုံသော မိသားစုဝင်များအား ရင်းရင်းနှီးနှီးတွေ့ဆုံကာ ၎င်းတို့တွင် အခက်အခဲ ရှိ မရှိ မေးမြန်း၍ ညှိနှိုင်းဆောင်ရွက်ခဲ့ပါသည်။

ကျိုက်မရောဇဟို အကျဉ်းထောင်အား ကြည့်ရှုစစ်ဆေးစဉ် အကျဉ်းသား/သူ၊ အချုပ်သား/သူ တစ်ဦး၏ အနိမ့်ဆုံးရရှိရမည့် အခွင့်အရေးဖြစ်သော နေထိုင်စားသောက်မှုအခြေအနေ၊ ကျန်းမာရေးနှင့် ညီညွတ်သော အစားအသောက်များ ကျွေးမွေးမှုအခြေအနေ၊ အကျဉ်းထောင်ဆေးရုံတွင် တက်ရောက်ကုသမှု ခံယူနေသည့် အကျဉ်းသားများအား ကျန်းမာရေးစောင့်ရှောက် ပေးနေမှုအခြေအနေ၊ အကျဉ်းသား၏ ရောဂါအခြေအနေအပေါ်မူတည်၍ ပြင်ပဆေးရုံများသို့ တင်ပို့ကုသပေးမှု အခြေအနေ၊ သန့်ရှင်းသော သောက်ရေပေးဝေမှုနှင့် ချိုးရေ၊ သုံးရေ လုံလောက်စွာ ရရှိစေရန် ဆောင်ရွက်ပေးနေမှုအခြေအနေ၊ မိသားစုနှင့် တွေ့ဆုံခွင့်ပေးနိုင်မှု အခြေအနေ၊ ထောင်ဝင်စာပစ္စည်းများ စုံလင်စွာလက်ခံရရှိမှု အခြေအနေ၊ ရသင့်ရထိုက်သောအသုံးအဆောင်ပစ္စည်းများရရှိမှုအခြေအနေ၊ ကျန်းမာကြံ့ခိုင်ရေးအတွက် ကိုယ်လက်လှုပ်ရှား အားကစား ဆောင်ရွက်ပေးမှု အခြေအနေ၊ ယုံကြည်ရာ ကိုးကွယ်သည့်ဘာသာအလိုက် ဝတ်ပြု ကိုးကွယ်ခွင့် အခြေအနေ၊ စာမတတ်သူ အကျဉ်းသား/အကျဉ်းသူများကို အခြေခံ အရေး၊ အဖတ် သင်ကြားပေးနေမှုအခြေအနေ၊ အသက်မွေးဝမ်းကျောင်းပညာ သင်ကြားပေးနေမှု အခြေအနေ၊ အကျဉ်းသား/သူများအား အကျဉ်းထောင်ဝန်ထမ်းများကလည်းကောင်း၊ အကျဉ်းသား အချင်းချင်းကလည်းကောင်း ညှဉ်းပန်းနှိပ်စက်မှု ရှိ မရှိ အခြေအနေစသည်တို့ကို မေးမြန်းခဲ့ပြီး အကျဉ်းသားများ လေ့လာဖတ်ရှုနိုင်ရန်အတွက် ဇဟုသုတရဖွယ် စာအုပ်စာပေများကို ကော်မရှင်မှ လှူဒါန်းခဲ့ပါသည်။

ကြည့်ရှုစစ်ဆေးရေးအဖွဲ့၏ ခရီးစဉ်အတွင်း စစ်ဆေးတွေ့ရှိချက်နှင့် အကြံပြုချက်များကို သင့်လျော်သကဲ့သို့ ဆောင်ရွက်ပေးနိုင်ရေးအတွက် သက်ဆိုင်ရာဌာနသို့ ကော်မရှင်ဥပဒေနှင့်အညီ အကြံပြုပေးပို့သွားမည် ဖြစ်ပါသည်။

## တပ်မတော် (ကြည်း) တိုက်ခိုက်ရေးကျောင်း (ဗထူး) ၌ သင်ခန်းစာ ပို့ချ



မတ်လ ၁၉ ရက်

မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်သည် ကော်မရှင်ဥပဒေပုဒ်မ ၂၂ (က) ပါ ပြဋ္ဌာန်းချက်များနှင့်အညီ အများပြည်သူ၏ လူ့အခွင့်အရေး အသိပညာ မြင့်မားလာစေရေးအတွက် သတင်းအချက်အလက်များ ဖြန့်ချိခြင်း၊ ပညာပေးခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါသည်။

မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်မှ ကော်မရှင်အဖွဲ့ဝင် ဒေါက်တာသန်းမြင့်နှင့် ညွှန်ကြားရေးမှူး ဦးဇော်လွင်ထူးတို့သည် တပ်မတော် (ကြည်း) တိုက်ခိုက်ရေးကျောင်း (ဗထူး) တွင် ဖွင့်လှစ်လျက်ရှိသော ခြေလျင်တပ်ရင်းမှူးသင်တန်းအမှတ်စဉ် (၁၂၆)၊ (၁၂၇) နှင့် ခြေလျင်တပ်ခွဲမှူး သင်တန်းအမှတ်စဉ် (၂၂၈) တို့သို့ ၁၉-၃-၂၀၂၅ ရက်နေ့ ၁၂:၀၀ နာရီမှ ၁၅:၀၀ နာရီအချိန်အထိ လူ့အခွင့်အရေးဆိုင်ရာ ဘာသာရပ်သင်ခန်းစာများအား Video Conferencing System ဖြင့် ပို့ချခဲ့ပါသည်။ အဆိုပါသင်တန်းတွင် ကော်မရှင်အဖွဲ့ဝင် ဒေါက်တာသန်းမြင့်က လူ့အခွင့်အရေးအခြေခံ အယူအဆများအကြောင်း၊ ညွှန်ကြားရေးမှူး ဦးဇော်လွင်ထူးက ကမ္ဘာ့လူ့အခွင့်အရေး ကြေညာစာတမ်းအကြောင်း၊ အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးစာချုပ်ကြီး (၉) ခု အကြောင်းနှင့် မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းဆောင်ရွက်ချက်များအကြောင်းစသည့် ဘာသာရပ်သင်ခန်း စာများ ပို့ချခဲ့ပါသည်။ ခြေလျင်တပ်ရင်းမှူးသင်တန်းအမှတ်စဉ် (၁၂၆)၊ (၁၂၇) ၌ သင်တန်းသား ဦးရေ ၁၂၃ ဦးနှင့် ခြေလျင်တပ်ခွဲမှူး သင်တန်းအမှတ်စဉ် (၂၂၈) ၌ သင်တန်းသားဦးရေ ၇၈ ဦး၊ စုစုပေါင်း သင်တန်းသားဦးရေ ၂၀၁ ဦး တက်ရောက်ခဲ့ကြပါသည်။

## တပ်မတော် (ကြည်း) တိုက်ခိုက်ရေးကျောင်း (ဘုရင့်နောင်) ၌ သင်ခန်းစာ ပို့ချ



မတ်လ ၁၉ ရက်

မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်သည် ကော်မရှင်ဥပဒေပုဒ်မ ၂၂ (က) ပါ ပြဋ္ဌာန်းချက်များနှင့်အညီ အများပြည်သူ၏ လူ့အခွင့်အရေးအသိပညာ မြင့်မားလာစေရေးအတွက် သတင်းအချက်အလက်များ ဖြန့်ချိခြင်း၊ ပညာပေးခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါသည်။

မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်မှ ကော်မရှင်အဖွဲ့ဝင် ဒေါက်တာမြင့်သူမြိုင်နှင့် ဒုတိယညွှန်ကြားရေးမှူး ဒေါ်မိမိခိုင်တို့သည် တပ်မတော် (ကြည်း) တိုက်ခိုက်ရေးကျောင်း (ဘုရင့်နောင်) တွင် ဖွင့်လှစ်လျက်ရှိသော ခြေလျင်တပ်ခွဲမှူး သင်တန်းအမှတ်စဉ် (၁၀၉၊ ၁၁၀) တို့သို့ ၁၉-၃-၂၀၂၅ ရက်နေ့ ၁၂:၀၀ နာရီမှ ၁၅:၀၀ နာရီအချိန်အထိ လူ့အခွင့်အရေးဆိုင်ရာ ဘာသာရပ် သင်ခန်းစာများအား Video Conferencing System ဖြင့် ပို့ချခဲ့ပါသည်။ အဆိုပါသင်တန်းတွင် ကော်မရှင် အဖွဲ့ဝင် ဒေါက်တာမြင့်သူမြိုင်က လူ့အခွင့်အရေးအခြေခံအယူအဆများအကြောင်းကိုလည်းကောင်း၊ ဒုတိယညွှန်ကြားရေးမှူး ဒေါ်မိမိခိုင်က ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်းအကြောင်းနှင့် မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းဆောင်ရွက်ချက်များအကြောင်း စသည့် ဘာသာရပ် သင်ခန်းစာများ ပို့ချခဲ့ပါသည်။ ခြေလျင်တပ်ခွဲမှူးသင်တန်း အမှတ်စဉ် (၁၀၉၊ ၁၁၀) ၌ စုစုပေါင်းသင်တန်းသားဦးရေ ၁၅၇ ဦး တက်ရောက်ခဲ့ကြပါသည်။

e-Newsletter, Vol. 4, No. 4, April 2025

# SUSTAINABLE DEVELOPMENT GOALS




စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက်ပန်းတိုင်များ

Goal (6) Clean Water and Sanitation

ပန်းတိုင် (၆) လူသားတိုင်း သန့်ရှင်းသော သောက်သုံးရေနှင့် မိလ္လာစနစ် ရရှိရေးနှင့် စဉ်ဆက်မပြတ်သော စီမံခန့်ခွဲမှု ဖြစ်ပေါ်စေရေး။

## မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင် တင်ဒါကော်မတီ အစည်းအဝေး ကျင်းပခြင်း



မတ်လ ၂၀ ရက်

မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်ရုံး၏ တင်ဒါကော်မတီအစည်းအဝေးကို ၂၀-၃-၂၀၂၅ ရက်နေ့၊ ၁၄:၀၀ နာရီအချိန် ကော်မရှင်ရုံးအစည်းအဝေးခန်းတွင် ကျင်းပခဲ့ရာ တင်ဒါကော်မတီ ဥက္ကဋ္ဌ ကော်မရှင်အဖွဲ့ဝင် ဦးကျော်မြင့်၊ ကော်မတီအဖွဲ့ဝင်များဖြစ်ကြသည့် ကော်မရှင်အဖွဲ့ဝင် ဦးဝင်းလှိုင်ဦးနှင့် ဦးသန်းဝင်း၊ ကော်မတီအတွင်းရေးမှူး ခေတ္တညွှန်ကြားရေးမှူးချုပ် ဒေါက်တာခိုင်ခိုင်ဝင်းနှင့် သက်ဆိုင်ရာဌာနတာဝန်ခံများ တက်ရောက်ခဲ့ကြပါသည်။

အဆိုပါအစည်းအဝေးတွင် ကော်မတီ ဥက္ကဋ္ဌက အဖွင့်အမှာစကား ပြောကြားပြီး မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်၏ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်အတွင်း တည်ဆောက်ခြင်း၊ ပစ္စည်းဝယ်ယူခြင်းနှင့် ဝန်ဆောင်မှုရယူရေးအဖွဲ့မှ အပြီးသတ်ဆောင်ရွက်ရမည့် လုပ်ငန်းများမှ ဆောင်ရွက်ပြီးစီးမှုများနှင့် ဆက်လက်ဆောင်ရွက်ရန် ကျန်ရှိမှုများကို အဖွဲ့ခေါင်းဆောင် ညွှန်ကြားရေးမှူး ဦးသူရကျော်က တင်ပြဆွေးနွေးခဲ့ပြီး သက်ဆိုင်ရာအဖွဲ့ ခေါင်းဆောင်များနှင့် အဖွဲ့ဝင်များက ဝိုင်းဝန်းအကြံပြုဆွေးနွေးခဲ့ကြပါသည်။


ထို့နောက် အစည်းအဝေးအစီအစဉ်အရ တင်ဒါကော်မတီဥက္ကဋ္ဌကော်မရှင်အဖွဲ့ဝင်ဦးကျော်မြင့်ကလိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ပြီး နိဂုံးချုပ်အမှာစကား ပြောကြားကာ အစည်းအဝေးကို ၁၅:၁၅ နာရီအချိန်တွင် အစည်းအဝေးကို ရုပ်သိမ်းခဲ့ပါသည်။

## ကော်မရှင်ရုံးမီးဘေးအန္တရာယ် ကင်းရှင်းရေးနှင့် လျှပ်စစ်မီးများလေလွင့်မှုမရှိစေရေး ကော်မရှင်ရုံးတွင်း လိုက်လံကြည့်ရှုစစ်ဆေးခြင်း

မတ်လ ၂၀ ရက်

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ရုံးမှ ခေတ္တညွှန်ကြားရေးမှူးချုပ် ဒေါက်တာခိုင်ခိုင်ဝင်းသည် ၂၀-၃-၂၀၂၅ ရက်နေ့ ၁၀:၀၀ နာရီအချိန်၊ လုံခြုံရေးနှင့် စည်းကမ်းထိန်းသိမ်းရေး အဖွဲ့ဝင်များနှင့်အတူ ကော်မရှင်ရုံးတွင်း မီးဘေးအန္တရာယ် ကင်းရှင်းရေးနှင့် လျှပ်စစ်မီးအသုံးပြုမှုများလေလွင့်မှုမရှိစေရေး၊ကော်မရှင်ရုံးအတွင်း အဆောက်အဦများ သက်တမ်းကြာရှည်စွာ





အသုံးပြုနိုင်ရေးအတွက် အမျိုးသားအဆောင်၊ အမျိုးသမီး အဆောင်၊ စားချက်ဆောင်များ၊ အဆောက်အဦ အမှတ်(၂)၊ (၂) ထပ်ဆောင်နှင့် ဌာန (၆) ခုတို့ကို အသေးစိတ် လိုက်လံ စစ်ဆေးခဲ့ပြီး လိုအပ်သည်များ လမ်းညွှန်မှာကြားခဲ့ပါသည်။

## ၂၀၂၅ အလွန် ဗဟုဝန်ရိုးစွန်းကမ္ဘာတွင် မြန်မာနိုင်ငံကြုံတွေ့လာရမည့် စိန်ခေါ်မှုများနှင့် အခွင့်အလမ်းများ သုံးသပ်ဆွေးနွေးပွဲသို့ ကော်မရှင်ရုံး ခေတ္တညွှန်ကြားရေးမှူးချုပ်တက်ရောက်ခြင်း



မတ်လ ၂၁ ရက်

မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်ရုံးမှ ခေတ္တညွှန်ကြားရေးမှူးချုပ် ဒေါက်တာခိုင်ခိုင်ဝင်းနှင့် အရာထမ်း (၂) ဦးသည် နေပြည်တော် ပြန်ကြားရေး ဝန်ကြီးဌာနမှ ၂၀၂၅ အလွန် ဗဟုဝန်ရိုးစွန်းကမ္ဘာတွင် မြန်မာနိုင်ငံကြုံတွေ့လာရမည့် စိန်ခေါ်မှုများနှင့် အခွင့်အလမ်းများ သုံးသပ်ဆွေးနွေးပွဲ ( Forum on Myanmar Beyond 2025: Challenges and Opportunities in the Multipolar World ) သို့ ၂၀၂၅ ခုနှစ်၊ မတ်လ ၂၁ ရက်နေ့၊ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းစင်တာ (၁) ကျောက်စိမ်းခန်းမတွင် တက်ရောက်ခဲ့ပါသည်။

သုံးသပ်ဆွေးနွေးပွဲသို့ ရုရှား၊ တရုတ်၊ အိန္ဒိယ၊ ထိုင်း၊ နီပေါ၊ ဂျပန်နှင့် အီတလီနိုင်ငံများမှ အတွေ့အကြုံ ဗဟုသုတများစွာရှိသည့် ပညာရှင်များ တက်ရောက်ခဲ့ကြပါသည်။

